**ဘရာဇီးလ်နိုင်ငံ၊ Ministry of Agriculture, Livestock and Supply ၏ အဖျော်ယမကာများ၊ အချဉ်ဖောက်ထားသည့် ထုတ်ကုန်များ၊ ဝိုင်နှင့်စပျစ်ဝိုင်ထုတ်ကုန်များနှင့် စပ်လျဉ်းသည့် ပို့ကုန်/သွင်းကုန်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကို Online ဖြင့်ဆောင်ရွက်ရာတွင် သိရှိလိုက်နာရမည့်အချက်များ**

၁။ ဘရာဇီးလ်နိုင်ငံ၊ Ministry of Agriculture , Livestock and Supply မှ အဖျော်ယမကာများ အချဉ်ဖောက်ထားသည့် ထုတ်ကုန်များ၊ ဝိုင်နှင့်စပျစ်ဝိုင်ထုတ်ကုန်များနှင့်စပ်လျဉ်းသည့် ပို့ကုန်/သွင်းကုန်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကို Online ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အကြောင်းပေးပို့လာပါသည်။

၂။ ၎င်းတို့ပေးပို့လာသောအချက်အလက်များအရ အချဉ်ဖောက်ထားသည့် ထုတ်ကုန်များ၊ ဝိုင်နှင့်စပျစ်ဝိုင်ထုတ်ကုန်များ တင်ပို့/တင်သွင်းခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ပို့မှုအတွက်**

(၁) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်၊

(၂) လွတ်လပ်စွာရောင်းချခွင့်လက်မှတ်၊

(၃) ဘရာဇီးလ်နိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့ခွင့်လက်မှတ်၊

(၄) ဥရောပစီးပွားရေးအသိုက်အဝန်းသို့ တင်ပို့ခွင့်လက်မှတ်၊

(၅) ဥရောပစီးပွားရေးအသိုက်အဝန်းသို့ တင်ပို့ရန်အတွက် ကတိဝန်ခံချက်၊

(ခ) **တင်သွင်းမှုအတွက်**

(၁) နမူနာယူဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ခွင့်ပြုချက်စာရွက်စာတမ်း၊

(၂) ထူးကဲသည့်အရည်အသွေးဖြင့် အချဉ်ဖောက်ထားသည့်ပစ္စည်းများအား နမူနာယူဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ခွင့်ပြုချက်စာရွက်စာတမ်း၊

(၃) သွင်းကုန်စစ်ဆေးရေးလက်မှတ်၊

(၄) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်၊

(၅) တင်သွင်းရာတွင် နမူနာပေးရန် သတ်မှတ်ထားသောကုန်ပစ္စည်းအုပ်စုများအတွက် မှတ်ပုံတင်ရန် အမှတ်တံဆိပ်ပုံစံ၊

(ဂ) **စီးပွားဖြစ်တင်သွင်းခြင်းနှင့် မသက်ဆိုင်သည့်ကုန်ပစ္စည်းများအတွက်** စီးပွားဖြစ်တင်သွင်းခြင်းမဟုတ်ကြောင်း ခွင့်ပြုချက်စာရွက်စာတမ်း၊ .

(ဃ) The Federal Revenue Service of Brazil မှ လေလံတင်ရောင်းချသည့်ကုန်ပစ္စည်းများအတွက် ရောင်းချရန်နှင့် စားသုံးရန်အတွက် ခွင့်ပြုသည့်အထောက်အထားများ၊

၃။ **ပို့ကုန်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဖော်ပြထားသည်မှာ** အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ပို့မည့်နိုင်ငံမှ ပို့ကုန်ပစ္စည်းများအတွက် တရားဝင်ထောက်ခံချက်အား Service Portal မှတစ်ဆင့် တောင်းခံရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းနှင့်အတူ တောင်းခံရမည်-

(၁) တင်ပို့မည့်ကုန်ပစ္စည်းအတွက် ပို့ကုန်အဆိုပြုလွှာသို့မဟုတ် လက်မှတ်ရေးထိုးထားသည့်စာချုပ်၊

(၂) တင်သွင်းမည့်နိုင်ငံမှ တောင်းခံထားသည့် တရားဝင်သက်သေခံအထောက်အထား၊

(၃) EU အသိုက်အဝန်းသို့ တင်ပို့ရာတွင် Service Portal မှ ထောက်ပံ့ပေးသည့် Model အရ လိုအပ်သောကတိဝန်ခံချက်၊

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာန၏ သတ်မှတ်ထားသော ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့်ကိုယ်စားလှယ်လွှဲစာ၊

(ခ) ပို့ကုန်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ်များသည် တင်ပို့ရာတွင် နမူနာပေးရန်သတ်မှတ်ထားသော ကုန်ပစ္စည်းအုပ်စုများကို Service Portal မှ ဝင်လာသော ကုန်ပစ္စည်းအရေအတွက်နှင့်တိုက်၍ ဓာတ်ခွဲခန်းသို့ ပေးပို့ရသည်။ နမူနာပစ္စည်း ကွန်တိန်နာများတွင် အောက်ဖော်ပြပါ အချက်များအတိုင်း ပါဝင်ရမည်ဖြစ်သည်-

(၁) အရည်ထည့်ထားသည့် ပုလင်းဘူးများအတွက် ၁လီတာထက်မနည်းပါဝင်သည့် Container ဘူး (၂)ဘူး၊

(၂) အတုံးအခဲကုန်ပစ္စည်းများ၊ သစ်သီးဖြင့် ပြုလုပ်ထားသည့်အနှစ်ရှိသောကုန်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများအတွက် ထုတ်လုပ်သူမှ သတ်မှတ်ထားသည့်အတိုင်း ရောစပ်ပြီးနောက် (၁) လီတာဆံ့သည့်Container ဘူးများ၊

(၃) သစ်သီးဖြင့်ပြုလုပ်ထားသည့်အနှစ်ရှိသော ကုန်ပစ္စည်းများအတွက် ၁ကီလိုဂရမ်ထက်မနည်း ပါကင်ထုတ်ထားသည့် အထုပ်(၂) ထုပ်၊

၄။ **သွင်းကုန်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ** အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သွင်းကုန်စစ်ဆေးချက်လက်မှတ်အား သတ်မှတ်ထားသည့်သက်တမ်းအတွင်း ရှိ မရှိ နှင့် ကုန်သွယ်မှုပြုရန်သင့်တော်မှု ရှိ မရှိ ထည့်သွင်းစဉ်းစားခြင်း၊

(ခ) နမူနာယူဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် Service Portal မှ အကြံပြုချက်ဖြင့် ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်၊

(ဂ) သတ်မှတ်ထားသောစံချိန်စံညွှန်းများအရ Service Portal မှ အကြံပြုချက်ဖြင့် ထူးခြားသည့်အရည်အသွေးရှိကြောင်း အသိအမှတ်ပြုလက်မှတ်၊

(ဃ) တင်သွင်းရန် နမူနာသတ်မှတ်ထားသော ကုန်ပစ္စည်းအုပ်စုများအတွက် အောက်ဖော်ပြပါအတိုင်း ပါဝင်ရမည်ဖြစ်သည်-

(၁) အရည်ထည့်ထားသည့် ပုလင်းဘူးများအတွက် ၁ လီတာထက်မနည်းပါဝင်သည့် Container ဘူး (၂)ဘူး၊

(၂) အတုံးအခဲကုန်ပစ္စည်းများ၊ သစ်သီးဖြင့်ပြုလုပ်ထားသည် ကုန်ပစ္စည်းများနှင့်အခြားကုန်ပစ္စည်းများအတွက် ထုတ်လုပ်သူမှ သတ်မှတ်ထားသည့်အတိုင်း ရောစပ်ပြီးနောက် (၁) လီတာဆံ့သည့်Container ဘူးများ၊

(၃) သစ်သီးဖြင့်ပြုလုပ်ထားသည့်အနှစ်ရှိသော ကုန်ပစ္စည်းများအတွက် (၁) ကီလိုဂရမ်ထက် မနည်းပါကင်ထုတ်ထားသည့် အထုပ်(၂) ထုပ်၊

၅။ **စီးပွားဖြစ် တင်သွင်းခြင်းမဟုတ်သည့် ကုန်ပစ္စည်းများအတွက် လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်၍ ဖော်ပြထားသည်မှာ** အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၁၂ လီတာအထက် မကျော်လွန်သည့် ပမာဏဖြစ်ရမည်။ ၁၂ လီတာအထက် ကျော်လွန်သည့်ပမာဏဖြင့် တင်သွင်းလာပါက အောက်တွင်ဖော်ပြထားသောအချက်များအတွက် ရည်ရွယ်၍ တင်သွင်းခြင်းဖြစ်ကြောင်း အထောက်အထားများရှိရမည် ဖြစ်ပါသည်-

(၁) ပြပွဲပြုလုပ်ရန်၊

(၂) အရည်အသွေးယှဉ်ပြိုင်မှု၊ အရသာစမ်းသပ်မှု သို့မဟုတ် အရောင်းမြှင့်တင်မှုများပြုလုပ်ရန်၊

(၃) ဖွံ့ဖြိုးတိုးတက်ရေးနှင့်သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊

(၄) ကိုယ်တိုင်စားသုံးရန်၊

(ခ) ပြပွဲ၊ ပြိုင်ပွဲ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် နေရာနှင့် အချိန်ကာလအတွင်း စည်းကြပ်ခွန်အာဏာပိုင်များမှ ဥပဒေအတိုင်း ခွင့်ပြုထားသည့် စီးပွားဖြစ်တင်သွင်းခြင်းမဟုတ်သော အရေအတွက်ဖြစ်ရမည်။

(ဂ) ၁၂ လီတာအထိ တင်သွင်းလာသောကုန်ပစ္စည်းများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်နှင့် စစ်ဆေးခြင်းမှ ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။

၆။ The Federal Revenue Service of Brazil **မှ လေလံ တင်ရောင်းချသည့် ကုန်ပစ္စည်းအတွက် လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်၍ ဖော်ပြထားသည်မှာ** လေလံတင်သည့်အဖွဲ့အစည်းသည် ကုန်ပစ္စည်းများအား စစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းသို့ ပေးပို့ရမည်ဖြစ်ကြောင်းဖော်ပြထားပြီး တင်သွင်းမည့်ကုန်ပစ္စည်းများအတွက် လေလံတင်စစ်ဆေးရေး အာဏာပိုင်အဖွဲ့အစည်းမှ ထုတ်ပေးထားသည့်ရောင်းချရန်နှင့် စားသုံးရန် ခွင့်ပြုချက်ကျန်ရှိသော ကုန်ပစ္စည်းများဖြစ်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။